ပဲ့ထောက်ကျေးရွာ
ပုလောမြို့နယ်၊
မြိတ်ခရိုင်
တနင်္သာရီတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၆ - ၂၀၂၀)



ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ပဲ့ထောက်ကျေးရွာ၊ ပုလောမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ပြည့်နှစ်၊ မတ်လ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	
	ပဲ့ထောက်ကျေးရွာ သယံဇာတပြဖြေပုံ၊ ပုလောမြို့နယ်	
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	
	(က) သီးနှံ စိုက်ပျိုးရေး	
	(ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း	
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	
	(ခ) ကျေးရွာ မီးလင်းရေး	
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	
၆။	**ပညာရေး**	
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၆/၂၀၁၇ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၀၂၁ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါ သည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ် အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ် ဦးစားပေးစီမံချက်အဆိုပြုလွှာစသည် တို့ကို အဓိကထား ဖော်ပြထားပါသည်။

၂၀၁၇ခုနှစ်၊ မတ်လ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ပဲ့ထောက်ကျေးရွာ
ပုလောမြို့နယ်


ပဲ့ထောက်ကျေးရွာသယံဇာတပြမြေပုံ၊ ပုလောမြို့နယ်



ရာသီခွင်ပြ ပြက္ခဒိန်

အဖြစ်အပျက်များ	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တောင်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း	မှတ်ချက်
ရာသီဥတု	ပူပြင်းမိုးနည်း	မိုးများ	မိုးများ	မိုးများ	မိုးများ	မိုးအသင့်တင့်/နေပူ	ဆောင်းမိုးမရွာနေပူ	ဆောင်းမိုးမရွာနေပူ	ဆောင်းမိုးမရွာ	ပူပြင်းခြောက်သွေ့	ပူပြင်းခြောက်သွေ့	ပူပြင်းခြောက်သွေ့	
အလုပ်အကိုင်	စပါးငုပျော်ဥ	စပါးငုပျော်ဥ	စပါးငုပျော်ဥ	စပါးငုပျော်ဥ	စပါးငုပျော်ဥ	ဥပျော်ဥ	ဥပျော်ဥ	ဥပျော်ဥ	ဥပျော်ဥ	ဥပျော်ဥ	ဥပျော်ဥ	ဥပျော်ဥ	
လက်လုပ်လက်စားမိသားစုဝင်ငွေရရှိမှု	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	
အသုံးစရိတ်	သင့်	နည်း	နည်း	နည်း	သင့်	သင့်	များ	များ	များ	များ	များ	များ	
ချေးငွေလိုအပ်မှု	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	
ဝမ်းစာဖူလုံမှု	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	
သောက်သုံးရေရရှိမှု	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	
တိရစ္ဆာန်ရောဂါကျရောက်မှု	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	
ကျန်းမာရေး(ဖျားနာခြင်း)	မရှိ	သင့်	သင့်	သင့်	သင့်	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	
သီးနှံရောဂါကျရောက်မှု	မရှိ	မရှိ	သင့်	သင့်	သင့်	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	
ပွဲတော်များ	သင်္ကြန်	ရေသွန်းပွဲ	မရှိ	မရှိ	မရှိ	မရှိ	မီးထွန်းပွဲ	ကထိန်ပွဲ	မရှိ	မရှိ	မရှိ	မရှိ	
သဘာဝဘေး အန္တရာယ်ကျရောက်မှု	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	

အဖွဲ့အစည်းချိတ်ဆက်မှုပုံစံ



ဥစ္စာဓနအဆင့် သတ်မှတ်ချက်ပုံစံ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၅	၂၅	၅၅	၂၀

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပဲ့ထောက်ကျေးရွာသည် လက္ကူးကျေးရွာအုပ်စု၊ ပုလောမြို့နယ်တွင် ပါဝင်ပါသည်။ မြောက်လတ္တီတွဒ် ၁၂ဒီဂရီ၅၉မိနစ်၂၃စက္ကန့်နှင့် အရှေ့လောင် ဂျီတွဒ် ၉၈ဒီဂရီ ၃၉မိနစ် ၊ ၂၅စက္ကန့်ကြားတွင် အရှေ့ဘက်တွင် မှော်ကြောင်းကျေးရွာ၊ အနောက်ဘက်တွင် ပြင်းဖြူကျေးရွာ၊တောင်ဘက်တွင် မြဒေါင်ကျေးရွာ၊ မြောက်ဘက်တွင် မင်းထိန်ကျေးရွာတို့နှင့် ထိစပ်လျှက်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ပဲ့ထောက်ကျေးရွာသည် ပူနွေးစွတ်စိုသော ရာသီဥတုရှိပြီး၊ အမြင့်ဆုံးပူချိန် (၅၀) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ (၃၅) ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ ပဲ့ထောက်ကျေးရွာ၏ အမြင့်ဆုံးမိုးရေချိန်မှာ (၁၉၀) လက်မဖြစ်ပြီး၊ အနိမ့်ဆုံး မိုးရေချိန်မှာ (၉၅) လက်မဖြစ်ပါသည်။ ပဲ့ထောက်ကျေးရွာတွင် ခါတ်သတ္တုများ မထွက်ရှိပါ။ ဝါးပင်များ အနည်းငယ်ထွက်ရှိပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များအနေဖြင့် တောကြက်၊ ချေ၊ တောကြောင်၊ ရှဉ့်စသည့်များ ရရှိနိုင်သော်လည်း ရရှိရန်ခက်ခဲပြီး လက်လှမ်းမှီရန် ခက်ခဲပါသည်။ ဆေးဖက်ဝင်အပင်များအဖြစ် ဂျာမနီ၊ လောက်သေစသည့် အပင်များ သာတွေ့ရှိပြီး ရရှိနိုင်မှုနည်းပါးကာ လက်လှမ်းမှီမှုမရှိသလောက်ဖြစ်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ပဲ့ထောက်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၀၀) အိမ်ရှိ ပြီး လူဦးရေစုစု ပေါင်း (၅၁၂) ဦးရှိပါသည်။ ကျေးရွာတွင် ဖွံ့ဖြိုးမှုပိုင်းအနေဖြင့် တိုးတက်မှု အသင့်အတင့်ရှိ သော ကျေးရွာတရွာဖြစ်ပါသည်။ ပဲ့ထောက်ကျေးရွာတွင်ရွာတွင်းအဖွဲ့(၃)ဖွဲ့သာရှိပြီး လက်ရှိဖွံ့ဖြိုးရေး အခြေအနေတွင် ဦးဆောင်သူများ အဖွဲ့စွမ်းဆောင်နိုင်မှုသည် အားနည်းနေကြောင်း တွေ့ရှိရပါ သဖြင့် စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှုသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။**ပဲ့ထောက်ကျေးရွာတွင်** World Vision **မှ အသိပညာပေး နှင့် ပညာရေး/ကျန်းမာရေးဆိုင်ရာအတွက် တစ်နိုင်တစ်ပိုင်ထောက်ပံ့မှုရရှိပါသည်။** K.D.N **အဖွဲ့သည် ကလေးသူငယ်ဖွံ့ဖြိုးရေးကိုပြုလုပ်ပေးပါသည်။**

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ပဲထောက်ကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၃၆၇)ဧက၊ ဥယျာဉ်ခြံမြေ (၁၆၉)ဧက ၊နှစ်ရှည်(၃၀)ဧက ရှိပါသည်။ ၂.၅ဧကအောက် ဆင်းရဲသားတောင်သူ(၁၀)အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၅၀) အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၂၅) အိမ်ထောင်စု၊ ၁၂.၅ ဧကအထက် တောင်သူကြီး (၅)အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် လယ်ယာမြေ အဓိကအား ထားစိုက်ပျိုး ကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စု၏ (၁၀%) ခန့်ရှိပါ ပဲ့ထောက်ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှုမှာ စိုက်ဧကနှင့် နှိုင်းစာလျှင် နည်းပါးပြီး၊ အချို့မှာ ငှားရမ်းလုပ်ကိုင်ကြပါသည်။ အချို့မှာ မိမိကိုယ်ပိုင် ကွဲ/နွားများဖြင့် ထွန်ယက်လုပ်ကိုင်ကြပါသည်။ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်များ နည်းပါးသောကြောင့် လယ်သမားများလွန်စွာ အခက်အခဲရှိနေကြပါသည်။ ထွန်စက်ငှါးရမ်းခ (၁)ဧကလျှင် စပါး(၁၄) တင်းသော်လည်းကောင်း ငွေကျပ်(၅၀၀၀၀) သော်လည်းကောင်း ငှါးရမ်း အသုံးပြု ကြရပါသည်။ စက်ပစ္စည်းပိုင်ဆိုင်မှု နည်းပါးခြင်းကြောင့် လုပ်ငန်း အကောင်အထည်ဖော်ရာ၌ နှောင့်နှေး ကြန့်ကြာမှုများရှိပါသည်။ထို့ကြောင့် လယ်ယာသုံး စက်ကိရိယာများ အရစ်ကျစနစ်ဖြင့် ရောင်းချပေးရန် လိုအပ်နေပါသည်။

ပဲ့ထောက်ကျေးရွာတွင် စပါးစိုက်ပျိုး ထုတ်လုပ်မှုတွင် မိုးရေကို အဓိကအား ထားစိုက်ပျိုးသော်လည်း ရေမြေရာသီဥတုအနေအထားအပေါ်မူတည်၍ အထွက်နှုန်း အနည်းငယ် အပြောင်းအလဲရှိနိုင်ပါသည်။ အထွက်နှုန်းတိုးမြင့်ရန်နှင့် အရည်အသွေးကောင်း စပါးထွက်ကုန်များ ရရှိနိုင်ရန် World vision အဖွဲ့မှ သင်တန်းပေးခြင်း ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ကာ လိုအပ်သော မျိုးကောင်း မျိုးသန့်များ၊ နည်းပညာပံ့ပိုးမှုများ ရရှိနိုင်ခြင်း၊ မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေ ရရှိနိုင်ခြင်းစသည့် အခွင့်အလမ်းများက စပါးတိုးမြှင့် ထုတ်လုပ်နိုင်ရန် အခြေအနေ ကောင်းများ ဖြစ်ပါသည်။

ဖျက်ပိုးရောဂါကာကွယ်ရေးနှင့် ပတ်သက်ပြီး ကျေးရွာ လူထုမှာ လက်လှမ်းမှီမှုအားနည်းသောကြောင့် မည်သည့်ပိုးနှင့် ရောဂါကျရောက်လေ့ရှိပါ သည်။ World Vision မှ စနစ်တကျစိုက်ပျိုးရေးကို ကျေးရွာမှစိတ်ဝင်စားသူကိုယ်စား လှယ်တစ်ဦး သင်တန်း ခေါ်ယူခဲ့ပါသည်။ ထိုကဲ့သို့သော သင်တန်းများကို ရွာသား အားလုံးကို ပေးစေချင်ပါ သည်။ထို့ကြောင် စိုက်ပျိုးရေးနည်းပညာပေး သင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ မျိုးကောင်းမျိုး

သန့်များ သုံးစွဲနိုင်ရေး လမ်းညွှန်ပြသခြင်းများ ပြုလုပ် ပေးရန် လိုအပ်နေပါသည်။

(ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း

ပဲ့ထောက်ကျေးရွာ၏ မွေးမြူရေးကဏ္ဍတွင် အိမ်ထောင် အများစုသည် ကြက်၊ ဝက်မွေးမြူရေးကို အိမ်တိုင်းစေ့နီးပါးတစ်ပိုင်တစ်နိုင် မွေးမြူကြပြီး စီးပွားဖြစ် ကြက်မွေးမြူသည့် အိမ်ထောင်စု(၄)စုရှိနှင့် ကျွဲမွေးမြူထားသည့် အိမ်ထောင်စု (၈)စုရှိပြီး (၁၂၀)ကောင်ရေရှိပါသည်။

ပဲ့ထောက်ကျေးရွာတွင် မျိုးကောင်းမျိုးသန့်များ ဝယ်ယူရန် လက်လှမ်းမီခြင်း၊ ချေးငွေ အသင့်အတင့်ရရှိနိုင်ခြင်း၊ သွင်းအားစုများဝယ်ယူနိုင်ခြင်း၊ ရေရှိနိုင်ခြင်း၊ အိမ်ခြံဝင်းအတွင်း မွေးမြူရေး လုပ်ကိုင်ရန် နေရာများ အသင့်အတင့်ရှိခြင်း ကလည်း ကျေးရွာရှိ အိမ်ထောင်စု များအတွက် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အလား အလာ ရှိနေပါသည်။ထို့ကြောင့် စီးပွားဖြစ် ပိုမို မွေးမြူလာနိုင်ရန် မွေးမြူရေးနည်းပညာပေး သင်တန်းများ ဖွင့်လှစ် ဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။**ပဲ့ထောက်ကျေးရွာတွင် မွေးမြူရေးကဏ္ဍအတွက် တွင်းရေ ကိုအသုံးပြုနိုင်ပြီး ချေးငွေကို** KDN**အဖွဲ့မှ ပံ့ပိုးခြင်းနှင့်** World Vision **ပံ့ပိုးမှုများ ရှိပါသည်။**

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ပဲ့ထောက်ကျေးရွာတွင် မိရိုးဖလာ စိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင်ကြပါသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြင့် လုပ်ကိုင်သူများ မရှိပါ။

ပဲ့ထောက်ကျေးရွာ၏ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေး ဝမ်းကျောင်း ပြုနိုင်သော ပညာရပ်တစ်ခုခုကို တက်မြောက်သူ မရှိပါ။ ဝင်ငွေ တိုးတက် စေရန်နှင့် အလုပ်အကိုင်များ တတ်မြောက်လာစေရန်အတွက် အခြားဒေသများနှင့် ပြည်ပနိုင်ငံများတွင် သွားရောက် လုပ်ကိုင် ကြပါသည်။ထို့ကြောင့် အသက်မွေးဝမ်း ကျောင်းလုပ်ငန်းဖြင့် မိမိကျေးရွာ၌ပင် ဝင်ငွေရရှိနိုင်ရေး အသက်မွေးဝမ်းကျောင်းအထောက် အကူပြုပညာ (အပ်ချုပ်စက်၊ မုန့်လုပ်၊ ဆိုင်ကယ်ပြင်)သင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ်နေပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ပဲ့ထောက်ကျေးရွာတွင် လယ်သမားများအတွက် ချေးငွေ များကို စိုက်/ဘဏ်မှ

ပိုင်ဆိုင်မှုလယ်ကေအလိုက် ချေးယူနိုင်ပါသည်။ V.S.L.A **အဖွဲ့အစည်းမှ ကျန်းမာရေးနှင့် ပညာရေးအတွက် အတိုးနှုန်း(၁%)ဖြင့် ချေးယူနိုင်ပါသည်။ ချေးငွေသက်တမ်းမှာ ၃လသာ ဖြစ်ပါသည်။ထို့ကြောင့် အတိုးနှုန်းသက်သာပြီး ကာလရှည်ချေးငွေများ ရရှိရန် လိုအပ်နေပါသည်။**

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ပဲ့ထောက်ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် မော်တော်ဆိုင်ကယ်ကိုသာ အသုံးပြုကြပါသည်။ ဆိုင်ကယ်(၃၀)စီးရှိပါသည်။

ကျေးရွာတစ်ရွာ၏ဖွံ့ဖြိုးမှုကို သုံးသပ်လိုလျှင် ကျေးရွာအခြေခံ အဆောက်အဦး ဖွံ့ဖြိုးမှုမှာလည်း အရေးပါလှသော အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ ပဲ့ထောက်ကျေးရွာ ၏ ရွာတွင်းလမ်းအခြေအနေမှာ မြေသားလမ်းပြီး တောင်တက်တောင်ဆင်း များဖြစ်သော ကြောင့် မိုးရာသီတွင် လမ်းချော်ခြင်း၊ ရွံ့ဗွက် ထခြင်းများဖြစ်သောကြောင့် သွားလာရခက်ခဲ ပါသည်။ထို့ကြောင့် ရွာအဝင်တောင်တက် လမ်း(၆၆၀'-၁၂'-၄")အား ပထမဦးစားပေး အနေဖြင့် ကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်ရန်လိုအပ်နေပါသည်။ရွာတွင်းလမ်း (၂.၅)မိုင် အား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။ **ပဲ့ထောက်ကျေးရွာတွင်** တံတားများမှာ ကောင်းမွန်မှုရှိပြီး ပြုပြင်ရန် မလိုအပ်သေးပါ။

(ခ) ကျေးရွာ မီးလင်းရေး

ပဲ့ထောက်ကျေးရွာတွင် (၂၄)နာရီမီး ရရှိသော်လည်း သုံးစွဲသည့်အိမ်ထောင်စု (၂၀) ခန့်သာ သုံးစွဲလျက်ရှိပြီး ကျန်အိမ်ထောင်စုများမှာ ဒီဇယ်အင်ဂျင်၊ ဆိုလာမီး၊ ဖယောင်းနှိုင်နှင့် ဆီမီးခွက်တို့ကိုသာ သုံးစွဲလျက်ရှိပါသည်။ ၎င်းတို့မှာ ငွေကြေး မတတ်နိုင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ပဲ့ထောက်ကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း(၄၀) လုံး၊ ရေဒီယို(၇)လုံး၊ တီဗွီ(၂၀)လုံး၊ဂြိုလ်တုစလောင်း(၁၅)စသည်တို့မှ ရရှိ ပါသည်။ ပဲ့ထောက်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက် အလက်ဆိုင်ရာ နည်းပညာ အခြေအနေများမှာ ဖုန်း၊ ရေဒီယိုများ တီဗွီတို့မှတဆင့် သတင်းအချက်အလက်များ ရရှိ

နေပါသည်။

၆။ ပညာရေး

ပဲ့ထောက်ကျေးရွာတွင် အ.မ.က ကျောင်းတွင် သင်ကြားနိုင်ပြီး လက္ကူးကျေးရွာနှင့် ပုလောမြို့တို့တွင် အလယ်တန်း အဆင့်နှင့် အထက်တန်း အဆင့်များကို ၎င်းအထက် တန်းကျောင်းတွင် ဆက်လက် ပညာသင်ယူ ကြပါသည်။ တက္ကသိုလ် တက်နေသည့် ကျောင်းသား/သူ (၅) ဦး ရှိပါသည်။ကျေးရွာ မူလတန်းတွင် ကျောင်းသား/သူ (၁၁၄)ယောက် ရှိပါသည်။

ပဲ့ထောက်ကျေးရွာတွင် မူလတန်းကျောင်းတစ်ကျောင်းသာ ရှိပါသည်။ ကျောင်းအခြေအနေမှာ (၆၀'-၃၀')မှာ သွပ်မိုး၊ အုတ်နံရံနှင့် ကွန်ကရစ်ခင်းထားပြီး အမိုးပြုပြင်ရန် လိုအပ်နေပါသည်။ကေဂျီကျောင်းသားများအတွက် ကျောင်းဆောင် သီးသန့်မရှိသဖြင့် ကေဂျီကျောင်းဆောင်(၁)ဆောင် တည်ဆောက်ရန် လိုအပ်နေပါသည်။ ကျောင်းသားများ လုံခြုံစွာ ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းခြံစည်းရိုင်း (၁)ဧက ကာရံရန် လိုအပ်နေပါသည်။ ကျောင်းတွင် အာဟာရကို တစ်နှစ်လျှင်(၂)ကြိမ်သာ တိုက်ကျွေးပါသည်။

ပဲ့ထောက်ကျေးရွာတွင် စာမတတ်သူ (၅.၄၇%)ရှိပါသည်။ ကျေးရွာလူဦးရေ၏ (၄၆.၆၈%) မှာ မူလတန်းအဆင့် ပညာရေးသာ ပြီးမြောက်မှု ရှိကြပြီး၊ အလယ်တန်း အဆင့်အထိ တတ်မြောက်သူ(၁၆.၉၉%)၊ အထက်တန်းအဆင့် တတ်မြောက်သူ (၁.၇၆%)၊ တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူဦးရေမှာလည်း(၁.၃၆%) အထိရှိပြီး အတန်းပညာ တတ်မြောက်မှုတိုးတက်လာသောကြောင့် အနာဂတ်ကာလ ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်း များတွင် လူစွမ်းအားအရင်းအမြစ်ကောင်းများ ဖြစ်လာကြပါမည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ပဲ့ထောက်ကျေးရွာတွင် သွေးတိုးနှင့် အာဟာရချို့တဲ့မှုအခြေ အနေ မြင့်အဆင့်နှင့် တီဘီရောဂါဖြစ်ပွားမှုအခြေအနေ နိမ့်အဆင့်တွင်ရှိပြီး ကျန်သောရော ဂါများဖြစ်ပွားမှုမရှိပါ။ **ပဲ့ထောက်ကျေးရွာတွင် လက္ကူးကျေးရွာဆေးပေးခန်း ဆရာမများမှ ကာကွယ် ဆေးများထိုးပေးလေ့ရှိပါသည်။** ပဲ့ထောက်ကျေးရွာများတွင် အသေးစား ကျန်းမာရေးကို လက္ကူးကျေးရွာ ဆေးဆိုင်တွင်ဝယ်ယူရပါသည်။ ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ

ပြုလုပ်ပေးရန်လိုအပ်ပါ သည်။

ပဲ့ထောက်ကျေးရွာတွင် ရေတွင်းမှ သုံးစွဲသည့် အိမ်ထောင်စု (၆၅)စုရှိပြီး တနိုင်တပိုင် စိမ့်စမ်းရေ သွယ်တန်း၍ သုံးစွဲသည့်အိမ်ထောင်စု(၄)စုမှ မှီခိုသုံးစွဲနေသည့် အိမ်ထောင်စု (၃၁)စုရှိပါသည်။

ပဲ့ထောက်ကျေးရွာတွင် ယင်လုံအိမ်သာ သုံးစွဲသည့် အိမ်ထောင်စု(၇၀)ရှိပြီး ကျန်အိမ် ထောင်စုများအား ယင်လုံအိမ်သာ သုံးစွဲလာနိုင်ရေး အသိပညာ ပေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ပဲ့ထောက်ကျေးရွာ၌ စိုက်ပျိုးမြေများမှာ မြေဆီဩဇာ ပြန် လည်ဖြည့်တင်း သည့်စနစ်အား ကျင့်သုံးမှု အားနည်းခဲ့ခြင်းကြောင့် အထွက်နှုန်းနည်း ရခြင်း အကြောင်း ရင်းတစ်ခုဖြစ်ပါသည်။ ဖျက်ပိုးကျရောက်မှု အသင့်အတင့် သာရှိသော်လည်း နည်းပညာ ပံ့ပိုးပေးနိုင်သည့် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက် မည်ဆိုပါက သီးနှံဖျက်ပိုးနှင့် ပတ်သက်၍ အခက်အခဲများ လျော့နည်း နိုင်ပါသည်။ ထို့အပြင် စွန့်ပစ် ပစ္စည်း စီမံခန့်ခွဲမှုစနစ်မှာလည်း အားနည်း နေသည်ဖြစ်ရာ စနစ်တကျ စွန့်ပစ်ခြင်း၊ အမျိုးအစား အလိုက် ပြန်လည် အသုံးချခြင်းစသည့် စနစ်များအား ဦးဆောင်ဦး ရွက်ပြု နိုင် မည့် ကျေးရွာတွင်း အဖွဲ့အစည်း သို့မဟုတ် ကျေးရွာပြင်ပမှ အဖွဲ့အစည်း များမှ လုပ်ငန်းစဉ် အဆင့်ဆင့်အား ကျေးရွာသူ/ကျေးရွာသားများ ပူးပေါင်း ပါဝင်မှုဖြင့် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာအတွင်း စီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီး များပါဝင်မှု အားနည်းပြီး သာရေး/နာရေးကိစ္စများတွင်လည်း ပါဝင်မှုအားကောင်းပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများ လူထုအသိ အမြင် အားနည်း သဖြင့် အသိပညာ ပေးဟောပြောပွဲများပြုလုပ်ပေးစေလိုပါသည်။

၁၀။ လက္ကူးကျေးရွာအုပ်စု၊ ပွဲထောက်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဦးစားပေးစီမံချက်များ

စဉ်	ကဏ္ဍ	ကဏ္ဍခွဲ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	ဦးစားပေး အဆင့်	မှတ်ချက်
၁	အခြေခံအဆောက်အဦ	ကျေးလက်လမ်း၊ရွာချင်းဆက်လမ်း၊တံတား ဆောက်လုပ်ခြင်း	ကျေးလက်လမ်းတံတား	ရွာအဝင်တောင်ဆင်းလမ်း ကွန်ကရစ်ခင်းခြင်း (၆၆၀'-၁၂'-၄")	ပထမ	
၂	အခြေခံအဆောက်အဦ	ကျေးလက်လမ်း၊ရွာချင်းဆက်လမ်း၊တံတား ဆောက်လုပ်ခြင်း	ကျေးလက်လမ်းတံတား	ရွာတွင်းလမ်း (၂.၅)မိုင်အား ကျောက်ချော လမ်းသို့ အဆင့်မြင့်တင်ခြင်း	ဒုတိယ	
၃	ပညာရေး	အခြေခံပညာရေးဆိုင်ရာ	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းခြံစည်းရိုး (၁)ဧက ကာရံခြင်း	တတိယ	
၄	ပညာရေး	အခြေခံပညာရေးဆိုင်ရာ	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းဆောင်(၆၀'-၃၀') အမိုး ပြုပြင်ခြင်း		
၅	ပညာရေး	အခြေခံပညာရေးဆိုင်ရာ	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကေဂျီကျောင်းဆောင်(၁)ဆောင် တည်ဆောက်ခြင်း		
၆	ပညာရေး	အခြေခံပညာရေးဆိုင်ရာ	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	အားကစားပစ္စည်းများ ဖြည့်တင်းခြင်း		
၇	ပညာရေး	အခြေခံပညာရေးဆိုင်ရာ	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းသုံးပရိဘောဂများ ဝယ်ယူဖြည့်တင်းခြင်း		
၈	စိုက်ပျိုးရေး	စိုက်ပျိုးရေးနည်းပညာ	နည်းပညာ	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်များ ပုံမှန်ပြုလုပ်ခြင်း		
၉	စိုက်ပျိုးရေး	လယ်ယာလုပ်ငန်းသုံး စက်ကိရိယာနှင့် စက်မှုလယ်ယာ	စက်	လယ်ယာသုံးစက်ကိရိယာများ အရစ်ကျစနစ်ဖြင့် ရောင်းချရန် ချိတ်ဆက်ဆောင်ရွက်ခြင်း		
၁၀	မွေးမြူရေး	မွေးမြူရေးနှင့်	နည်းပညာ	မွေးမြူရေး ဆိုင်ရာ နည်းပညာပေးသင်တန်များ		

	နှင့်ငါးလုပ်ငန်း မွေးမြူရေးဆေးပညာ	ကုသရေးပညာပေး၊နည်းပညာ ပြန့်ပွါးရေး		ပုံမှန်ပြုလုပ်ခြင်း		
၁၁	ထုတ်ကုန်လုပ်ငန်းနှင့် အသေး စား အလတ်စား စီးပွါးရေးလုပ်ငန်းများ ဆိုင်ရာ	အခြားထုတ်ကုန်လုပ်ငန်းများ အသေးစား အလတ်စားနှင့် အကြီးစား လုပ်ငန်းဆိုင်ရာများ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	အသက်ဝမ်းကျောင်း(မုန့်လုပ်၊အပ်ချုပ်၊ ဆိုင်ကယ်ပြင်)သင်တန်းများ ပြုလုပ်ခြင်း		
၁၂	စိုက်ပျိုးရေး	စိုက်ပျိုးရေရှုရေးနှင့် စိုက်ပျိုးရေ အသုံးချခြင်း	ရေ	ချောင်းကောမြောင်းကော တူးဖော်ခြင်း		
၁၃	အုပ်ချုပ်ရေးနှင့်စီမံခန့် ခွဲရေး	လူငယ်အရည်အသွေးနှင့်စွမ်း ဆောင် ရည်ဖွံ့ဖြိုးစေရေး	အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲ ရေး	ခေါင်းဆောင်မှု၊စီမံခန့်ခွဲမှု စသည့်စွမ်းဆောင် ရည်မြှင့်သင်တန်းများ ပြုလုပ်ပေးခြင်း		
၁၄	လူငယ်နှင့်အားကစား	လူငယ်အရည်အသွေးနှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးရေး	အမျိုးသမီး	အမျိုးသမီးများ တရားဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲ		
၁၅	အခြေခံအဆောက်အဦ	ကျေးလက်ရေပေးရေး	သောက်သုံးရေ	စိမ့်စမ်းရေ သွယ်တန်းခြင်း(၂/၀)မိုင်		
၁၆	ကျန်းမာရေး	ကျန်းမာရေးအသိပညာပေး	ကျေးလက်ကျန်းမာရေး ဆေးပေးခန်း	ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း		

နောက်ဆက်တွဲ (၁)

ပဲ့ထောက်ကျေးရွာ၊ လက္ကူးကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးဘဲတေ	ဦးထေ	ဖ/ပလန(နိုင်)၀၃၂၃၈၀	၄၄	ဥက္ကဋ္ဌ	-
၂	ဦးထွေးမောင်		ဖ/ပလန(နိုင်)၀၄၂ဖ၅၇	၄၀	အတွင်းရေးမှူး	-
၃	နော်စီစီထွန်း		ဖ/ပလန(နိုင်)၁၂၄၇ဖ၁	၅	ဘဏ္ဍာရေးမှူး	-
၄	ဦးငြိမ်းချမ်း		ဖ/ပလန(နိုင်)၀ဖ၃၄၅ဖ	၃၄	စာရင်းကိုင်	-
၅	နော်စန်းစန်းလင်း		-	၂၈	စာရင်းစစ်	-
၆	ဦးပဲ		-	၄၈	အဖွဲ့ဝင်	-
၇	ဦးဝင်းယူ	ဦးဘုလု	ဖ/ပလန(နိုင်)၀၄၂၅၈၈	၄၈	အဖွဲ့ဝင်	-
၈	ဦးဒေးဗက်		-	၄၅	အဖွဲ့ဝင်	-
၉	ဦးဝင်းဘာ		-	၅၀	အဖွဲ့ဝင်	-
၁၀	ဦးသက်ရွှေ		-	၅၁	အဖွဲ့ဝင်	-
၁၁	ဦးသန်းစိန်		-	၅၄	အဖွဲ့ဝင်	-
၁၂	ဦးသခ္ခစ်ဒေး		ဖ/ပလန(နိုင်)၀၄၇၉၈၈	၃၇	နာယက	09776133715
၁၃	ဦးမောင်ရှင်		-	၅၉	ရပ်မိရပ်ဖ	-
၁၄	ဦးသန်းထူး		-	၄၈	ရပ်မိရပ်ဖ	-
၁၅	ဦးထူးစိန်		-	၅၁	ရပ်မိရပ်ဖ	-

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၆	–	၆
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၃၄	၃၁	၆၅
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၅	၃၁	၆၆
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၃၁	၄၂	၇၃
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၅၀	၁၃၇	၂၈၇
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၆	၁၀	၁၆
စုစုပေါင်း		**၂၆၁**	**၂၅၁**	**၅၁၂**
စုစုပေါင်း အိမ်ထောင်စု		**၁၀၀**		

ရင်းမြစ်...(၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊** (၃) **ဆယ်အိမ်စုဆွေးနွေးပွဲ။**

လေ့လာတွေ့ရှိချက်။ ။ ပဲ့ထောက်ကျေးရွာတွင် အဓိကအားဖြင့် ကရင်လူမျိုးများ နေထိုင်ကြပြီး အိမ်ထောင်စု(၁၀၀) စု၊ လူဦးရေ(၅၁၂) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ် အောက်နို့စို့အရွယ် (၁.၁၇%)၊ ငါးနှစ်အောက် ကလေးငယ်အရွယ် (၁၂.၇၀%)၊ မူလတန်းကျောင်းသား အရွယ် (၁၂.၈၉%)၊ အလယ်တန်းကျောင်းသား အရွယ် (၁၄.၂၆%)၊ သက်ကြီးရွယ်ကြီးအရွယ် (၃.၁၃%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၄၃.၉၅)% ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၁၅၀) ဦး၊ မ (၁၃၇) ဦး စုစုပေါင်း (၂၈၇) ဦးရှိပြီး တစ်ရွာ လုံးလူဦးရေ၏ (၅၆.၀၅)% ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅.၁၂) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင်(၅)ဦးနှုန်းထက် ပိုများနေပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) **လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး (ဥယျာဉ်ခြံ)**				
	ကိုယ်ပိုင် လုပ်ငန်း	၅၀	၁၀၇	၄၅	မြင့်☐လတ်☑နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၁၈	၂၇	၁၂	မြင့်☐လတ်☐နိမ့်☑
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄	၈	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၃	၃	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-		မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၃	၃		မြင့်□လတ်□နိမ့်□
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	၄	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄	၄	၁	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-		မြင့်□လတ်□နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား /	-	-	-	မြင့်□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၄	၄	-	မြင့်□လတ်□နိမ့်□
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁၄	၁၉	၅၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
	စုစုပေါင်း	**၁၀၀**	**၁၇၅**	**၁၁၂**	☒

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။ ။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ**"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်းမပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)**" ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -"**စိုက်ပျိုးရေး**"ကဏ္ဍ၏**"ကိုယ်ပိုင်လုပ်ငန်း"** တွင်ရပ်တည်နိုင်မှု"**မြင့်**"ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင် ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ပဲ့ထောက်ကျေးရွာတွင် လယ်လုပ်ငန်းကို ဦးစားပေး စိုက်ပျိုးလုပ်ကိုင်ကြပြီး အဆိုပါလုပ်ငန်းများတွင် နေ့စားလုပ်သားများများအဖြစ် လုပ်ကိုင် နေကြသည့် အိမ်ထောင်စုများလည်း ရှိကြပါသည်။ တိရစ္ဆာန် မွေးမြူရေးကို စီးပွားဖြစ် လုပ်ကိုင် နေကြသည့် အိမ်ထောင်စု(၄)စု ရှိပြီး တစ်ပိုင်တစ်နိုင် အဖြစ် တရွာလုံး မွေးမြူနေကြပါသည်။ ထို့အပြင် တစ်ပိုင်တစ်နိုင် ဈေးဆိုင်များ လုပ်ကိုင်သည့် အိမ်ထောင် စု (၅)စု၊ အပ်ချုပ်စက်(၄)စု၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် လက်သမား၊ ပန်းရံအဖြစ် လုပ်ကိုင်ကြသည့် အိမ်ထောင်စု(၃)စု ရှိပါသည်။ ဝန်ထမ်းအဖြစ် ပညာရေး (၄)ဦးစုရှိပြီး အခါအားလျော်စွာ ဂဏန်းခုပ်လုပ်ကိုင်သည့်အိမ်ထောင်စုများလည်းရှိပါသည်။ လူငယ်များမှာ မိသားစုဝင်ငွေ တိုးပွားလာစေရန် နှင့် ပိုမိုကောင်းမွန်သော အခွင့်အလမ်းများရရန်

တခြားပြည်ပနိုင်ငံများတွင် သွားရောက် လုပ်ကိုင်သည့် အိမ်စောင့်စု(၁၈)စုရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဧယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၅၀၀၀	၆၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	-	-	-	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** ×၈)

လေ့လာတွေ့ရှိချက်။ ။ပဲ့ထောက်ကျေးရွာတွင် အများအားဖြင့် လယ်ယာလုပ်ငန်းကိုသာအဓိက လုပ်သူများဖြစ်ကြသည်။ ကျား-မလုပ်အားခနှိုင်းယှဉ်လျှင် ကျားလုပ်အားခ မှာ အနည်းငယ်ပိုများပါသည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူနည်းပါးပြီး အခကြေးငွေဖြင့် အလုပ်လုပ်သူမှာ ပိုများပါသည်။ ထို့ကြောင့် အခကြေးငွေဖြင့်အလုပ်လုပ်ကိုင်သူများမှာ အလုပ်မရှိလျှင်

မိသားစုစားဝတ်နေရေးအတွက်အခက်အခဲရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၃၆၇	ကောင်း ☐	သင့် √	ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၁၆၉	ကောင်း ☐	သင့်☐	ညံ့ ☐
နှစ်ရှည်သီးနှံစိုက်ခင်း	၃၀	ကောင်း ☐	သင့်☐	ညံ့ ☐
ခနီတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၅၆၆	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ပဲ့ထောက်ကျေးရွာတွင် မိုးစပါးကို အဓိကထားစိုက်ပျိုးကြသည်။ လယ်မြေနှင့် ဥယျာဉ်ခြံမြေများ၏ မြေဆီလွှာ ထက်သန်မှုမှာ အသင့်အတင့်သာရှိ၍ စပါးနှင့်အခြားသီးနှံများထုတ်လုပ်မှုတွင် အထွက်နှုန်း တိုးတက်လာစေရန် စိုက်ပျိုးနည်းစနစ်များ၊ မြေဆီဩဇာ အဆင့်အတန်း ကောင်းမွန် လာစေရန် လိုက်နာရမည့် နည်းစနစ်များ ကျင့်သုံးရန် လိုအပ်နေပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ√	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ☐ သင့်☐ နည်း☐ မရှိ√	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း√ မရှိ☐	လွယ်☐ ခက်√ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း√ မရှိ☐	လွယ်☐ခက်√ အသုံးမပြုနိုင်ပါ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ပဲ့ထောက်ကျေးရွာတွင် ခါတ်သတ္တုများ မထွက်ရှိပါ။ ဝါးပင်များ အနည်းငယ်ထွက်ရှိပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များအနေဖြင့် တောကြက်၊ ချေ၊ တော ကြောင်၊ ရှဉ့်စသည့်များ ရရှိနိုင်သော်လည်း ရရှိရန်ခက်ခဲပြီး လက်လှမ်းမှီရန်ခက်ခဲပါသည်။ ဆေးဖက်ဝင်အပင်များအဖြစ် ဂျာမနီ၊ လောက်သေစသည့် အပင်များသာတွေ့ရှိပြီး ရရှိနိုင်မှု နည်းပါးကာ လက်လှမ်းမှီမှုမရှိသလောက်ဖြစ်ပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	**အလယ်အလတ်ရှိ သောအိမ်ထောင်စု**	**မပြေလည်သော အိမ်ထောင်စု**	**အလွန်မပြေလည်သောအိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၅	၂၅	၅၅	၂၀

ရင်းမြစ် ... (၁) **ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ **။ ပဲ့ထောက်**ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုမှာ **(၅%)**၊ အလယ်အလတ်အိမ်ထောင်စုမှာ **(၂၅%)** ရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေး လုပ်ကိုင်ကြသည်။ ထိုအိမ်ထောင်စု များသည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေး **(သို့)** ပစ္စည်းစသည်ဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပါလိမ့်မည်။ မပြေလည်သောနှင့် အလွန်မပြေလည်သော အိမ်ထောင်စု များသည် လယ်နှင့်သက်ဆိုင်သော ရာသီအလိုက် လုပ်ငန်းများနှင့် ရော်ဘာအစေး ခြစ်သည့် လုပ်ငန်းခွင်များတွင် အသက်မွေး လုပ်ငန်း လုပ်ကိုင်ကြသည်။

(ဇ) ထိခိုက်လွယ်မှု

(ဇ-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) **ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ** (**ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၁ ရာခိုင်နှုန်းစီ**)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၁၀	**အခြားအစာပြောင်းလဲစား**= _____ **အစာလျှော့စား** = _____ **အထောက်အပံ့ယူ** = _____ **ချေးယူ** = _____၆_____ **လုပ်အားခကြိုယူ** = ____၄_ _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၇	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၄ လုပ်အားခကြိုယူ = ____၃_ _____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၄	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = __ _၂_____ လုပ်အားခကြိုယူ = __၂__

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ပဲ့ထောက်ကျေးရွာရှိ ဥစ္စာဓနအဆင့်(၃)နှင့်(၄) အိမ်ထောင်စုပေါင်း၏ (၃၀%)အား စစ်တမ်းကောက်ယူမှုအရ ၎င်းအိမ်ထောင်စုများသည် ချေးယူခြင်းနှင့် လုပ်အားခယူခြင်းဖြင့် မိသားစုအခက်အခဲများကို ဖြေရှင်းကြပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား(၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှု အခြေ အနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	၁	၁
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၃		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	_		
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-		

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ **။ပဲ့ထောက်ကျေးရွာတွင်** ကူညီစောင့်ရှောက်မှု အထူးလိုအပ် သည့် ဆင်းရဲ သည့် အိမ်ထောင်စုများ မရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ် ကြသော

ကြောင့် အရေးပေါ် ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ပိုင်းဝန်းကူညီ ကြပါသည်။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် □	လတ် □	နိမ့် √	မရှိ □
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ ရေ၊ စိုက်ပျိုးရေ)	မြင့် □	လတ် □	နိမ့်√	မရှိ □
၃	ရေကြီးခြင်း	မြင့် □	လတ် √	နိမ့် □	မရှိ □
၄	မိုးခေါင်ခြင်း	မြင့် □	လတ် □	နိမ့် □	မရှိ √
၅	အအေးလွန်ကဲခြင်း	မြင့် □	လတ် □	နိမ့်√	မရှိ □
၆	မုန်တိုင်း	မြင့် □	လတ် □	နိမ့်√	မရှိ □
၇	ငလျင်	မြင့် □	လတ် □	နိမ့်√	မရှိ □
၈	မီးဘေး	မြင့် □	လတ် □	နိမ့်√	မရှိ □
၉	ဆားငန်ရေဝင်မြေ	မြင့် □	လတ် √	နိမ့် □	မရှိ □
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် □	လတ် □	နိမ့်√	မရှိ □
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် □	လတ် □	နိမ့်√	ရှိ □
၁၂	ငှက်ဖျားရောဂါ	မြင့် □	လတ် □	နိမ့်√	မရှိ □
၁၃	တီဘီရောဂါ	မြင့် □	လတ် √	နိမ့် □	မရှိ □
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် □	လတ် √	နိမ့်□	မရှိ □
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် □	လတ် □	နိမ့်□	မရှိ √
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် √	လတ် □	နိမ့်□	မရှိ □
၁၇	လူကုန်ကူးခြင်း	မြင့် □	လတ် □	နိမ့်□	မရှိ √
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် □	လတ် □	နိမ့်□	မရှိ √

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ပဲ့ထောက်ကျေးရွာတွင် နေ့စားကျပန်းလုပ်ကိုင်သော အိမ်ထောင်စုများရှိပြီး စားနပ်ရိက္ခာ မဖူလုံမှုအနည်းငယ် ရှိပါသည်။ လုပ်ကိုင်စား သောက်နိုင်သော လယ်၊ ဥယျာဉ်ခြံမြေများ အသင့်အတင့်ရှိသဖြင့် ကျပန်းလုပ်ကိုင်သော မိသားစုများမှ အဆိုပါ လုပ်ငန်းများတွင် ဝင်ရောက် လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေရရှိပါသည်။ ရာသီဥတုမှာလည်း အသင့်အတင့် မျှတသော အခြေအနေသာ ဖြစ်ပါသည်။ ချောင်း/ မြောင်းများ တိမ်ကော နေပြီဖြစ်သဖြင့် မိုးရာသီ၌ လယ်ယာမြေများ ရေကြီးခြင်း၊ လမ်းပေါ် ရေလျှံခြင်းများ ဖြစ်ပေါ်

နေသဖြင့် ချောင်းကောဖြောင်းကောများ တူးဖော်ရန် လိုအပ် နေပါသည်။

(ဇ-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) **ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	**ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	**လူငယ်**	မြင့် □ လတ်□ နိမ့်√ မရှိ□
၂	**အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု**	မြင့် □ လတ်√ နိမ့်□ မရှိ□
၃	**မြေယာမဲ့၊ ဆင်းရဲသားတောင်သူ**	မြင့် □ လတ်√ နိမ့်□ မရှိ□
၄	**သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ**	မြင့် □ လတ် □ နိမ့်□ မရှိ √
၅	**မြစ်ကမ်းဘေး နေထိုင်သူများ**	မြင့် □ လတ် □ နိမ့်□ မရှိ √
၆	**မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ** (Prone to accident) **တွင် နေထိုင်သူများ**	မြင့် □ လတ် □ နိမ့်□ မရှိ √
၇	**ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ** (IDP)	မြင့် □ လတ် □ နိမ့်□ မရှိ √
၈	**မြေနိမ့်ပိုင်း နေထိုင်သူများ**	မြင့် □ လတ် □ နိမ့်□ မရှိ √
၉	**ငါးကန်ပိုင်ရှင်များ**	မြင့် □ လတ် □ နိမ့်□ မရှိ √
၁၀	**လက်လုပ်လက်စားများ၊ ကျပန်းများ**	မြင့် □ လတ် √ နိမ့်□ မရှိ
၁၁	**လူနည်းစုလူမျိုးများ**	မြင့် □ လတ် □ နိမ့်□ မရှိ √
၁၂	**ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ**	မြင့် □ လတ် □ နိမ့်□ မရှိ √
၁၃	**နယ်စပ်ဒေသတွင် နေထိုင်သူများ**	မြင့် □ လတ် □ နိမ့်□ မရှိ √
၁၄	**ရွှေတွင်းလုပ်သားများ**	မြင့် □ လတ် □ နိမ့်□ မရှိ √
၁၅	**ဆေးစွဲသူများ**	မြင့် □ လတ် □ နိမ့်□ မရှိ √
၁၆	**ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ**	မြင့် □ လတ် □ နိမ့်□ မရှိ √
၁၇	**လှည့်လည်သွားလာ၍ ဈေးရောင်းသူများ**	မြင့် □ လတ် □ နိမ့်□ မရှိ √
၁	**နေရပ်ပြန် အခြေချသူများ**	မြင့် □ လတ် □ နိမ့်□ မရှိ √

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၈		
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် □ လတ် □ နိမ့်□ မရှိ √
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် □ လတ် □ နိမ့်□ မရှိ √

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပဲ့ထောက်ကျေးရွာတွင် ငွေကြေးအရင်းအနှီးမရှိသော လက်လုပ်လက်စား(ကျဘမ်း)သမားများ၊အမျိုးသမီးဦးဆောင်သောဆင်းရဲသည့် အိမ်ထောင်စုများမှာ အန္တရာယ်တစ်ခုကျရောက်ပါက စားနပ်ရိက္ခာမဖူလုံသောကြောင့် ထိခိုက်မှု များရှိနိုင်သည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ဘာသာရေးယဉ်ကျေးမှုအဖွဲ့	၁□ ၂□ ၃√	၆	၄	၁၀	ပညာရေး□ ငွေကြေး□ ကျန်းမာရေး □ဘာသာရေး√ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း□ သင့် □ ညံ့√
၂	ကျောင်းအကျိုးတော်ဆောင်အဖွဲ့	၁□ ၂√ ၃□	၅	-	၅	ပညာရေး√ ငွေကြေး□ ကျန်းမာရေး □ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း□ သင့် √ ညံ့□
